မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 7/ Issue 2 / February / 2014*

## သတင်းလွှာ ၏ ဖေဖေါ်ဝါရီ

နှစ်တစ်နှစ်၏ တစ်ဆယ့်နှစ်လ(၁၂လ)တွင် ဖေဖေါ်ဝါရီလသည် တမူထူးခြားနေပါသည်။ နှစ်ထပ်နှစ်တွင်(၂၉)ရက်ရှိပြီး၊ ကျန်သောနှစ်များမှာ(၂၈)ရက်သာရှိသည်။ ထို့ကြောင့် ဖေဖေါ်ဝါရီ (၂၉)ရက်တွင် မွေးဖွားသောသူများသည် မိမိတို့၏မွေးနေ့ကို (၄)နှစ်တကြိမ် ဆင်နွဲကြရပါသည်။

သို့သော်လည်း ဤနေ့ရက်သည် ထာဝရဘုရားစီရင်တော်မူသော နေ့ရက်ဖြစ်၍၊ ယနေ့ ဝမ်းမြောက် ရွှင်လန်းကြကုန်အံ့ .. ဆိုသည့်အတိုင်း ကျွန်ုပ်တို့သည် နေ့ရက်တိုင်းကို ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမွမ်းပါမည်။ အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမြှောက်ပါမည်။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော် အစဉ်အမြဲ တည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ဖေဖေါ်ဝါရီလကို ရွှင်လန်းစွာ ဖြတ်သန်းနိုင်ပါကြောင်း နှုိးဆော်လိုက်ပါ၏။

အရာခပ်သိမ်းသည် အပြောင်းအလဲရှိနိုင်ပါသည်။ ဖေဖေါ်ဝါရီလမှာလည်း မလုပ်နိုင်စရာ၊ မပျော်ရွှင်နိုင်စရာ၊ ဘာတစ်ခုမျှ မရှိရပါ။ ကျွန်ုပ်တို့ကို ရှင်သန်ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှု တို့ကို ကျွန်ုပ်တို့ တတ်စွမ်းနိုင်မည်ဟု ယုံကြည်ချက်ထားရှိရမည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည် အတိုင်း၊ ကျွန်ုပ်တို့ အလိုရှိသမျှ တို့ကို ယေရှုရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။

ဆာလံကျမ်းတွင်၊ ဒါဝိဒ်မင်းကြီး ထာဝရဘုရားရှင်ထံ တောင်းလျှောက်သည့်အတိုင်း၊

အိုထာဝရဘုရား ကယ်တင်တော်မူပါဟု တောင်းပန်ပါ၏။

အိုထာဝရဘုရား ကောင်းကြီးမင်္ဂလာကို ပေးတော်မူပါဟု တောင်းပန်ပါ၏။ .. ဟူ၍ ဆုတောင်းခြင်းဖြင့် ဖေဖေါ်ဝါရီလကို ရဲရဲရင့်ရင့် ဖြတ်ကျော်ကြကုန်စို့။ ❑




## 2014, February Events

***Holy Communion***
***02/ 02/ 2014***
***Sunday***
***2:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

+++++

***Chinese New Year Celebration***
***02/09/2014***
***3:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

+++++

***B.C.F Official Board Meeting***
***02/09/2014***
***Right after the Worship Service***
***2:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

+++++

***B.C.F Official Board members***
***Retreat and Yearly Plan***
***02/15/2014***
***Saturday***
***At***
***Swam Hall***
***122 S. California Ave.***
***Monrovia, CA 91016***

***Note: - *2014, B.C.F Newly Official Board Members, Please attend without fail.****

## ~မေတ္တာစိတ်ဖြင့်အဆိုးကိုနိုင်လော့~

အချင်းချင်း ချစ်ခြင်းမေတ္တာမှတပါး အဘယ်ကြွေးမျှ မတင်စေနှင့်။
သူတပါးကိုချစ်သောသူသည် အကျင့်တရားနှင့်ပြည့်စုံပြီ။
ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကို မဖျက်ဆီးတတ်။
ထိုကြောင့်၊ ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာ ဖြစ်သတည်း။

မေတ္တာစိတ်သည် လျှို့ဝှက်ခြင်းနှင့်ကင်းစေလော့။
ဆိုးညစ်သောအမှုကို စက်ဆုပ်ရွံရှာကြလော့။
ကောင်းမွန်သောအမှု၌ မြဲမြံဆည်းကပ်ကြလော့။
ညီအစ်ကိုချစ်ခြင်းအရာမှာ၊ ပကတိပေါက်ဘော်ကဲ့သို့ စုံမက်ကြလော့။
ချီးမွမ်းခြင်းအရာမှာ၊ သူတပါးကို ကိုယ်ထက်ချီးမြှောက်ကြလော့။

အားထုတ်ခြင်း အရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏
အလိုတော်သို့လိုက်၍အားထုတ်ကြလော့။ မြော်လင့်လျက်ဝမ်းမြောက်ကြလော့။

ဆင်းရဲဒုက္ခရောက်သောအခါ သည်းခံကြလော့။
ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြုကြလော့။
သန့်ရှင်းသူတို့သည် ဆင်းရဲသောအခါ ဝေငှပေးကမ်းကြလော့။
အာဂန္တုတို့အား ဧည့်သည်ဝတ်ကို ကြိုးစား၍ပြုကြလော့။
သင်တို့ကို ညှဉ်းဆဲသောသူတို့အဘို့ မေတ္တာပို့ကြလော့။
ကျိန်ဆဲခြင်း ကိုမပြု၊ မေတ္တာပို့ခြင်းကိုသာပြုကြလော့။
ဝမ်းမြောက်သောသူတို့နှင့်အတူ၊ ဝမ်းမြောက်ခြင်းကိုရင်း၊
ငိုကြွေးသော သူတို့နှင့်အတူ ငိုကြွေးခြင်းကိုရင်း ပြုကြလော့။
အချင်းချင်းစိတ် သဘော တညီတညွတ်တည်းရှိကြလော့။

ဂုဏ်စည်းစိမ်ကိုငဲ့ကွက်ခြင်းမရှိကြနှင့်။
နှိမ့်ချသောသူတို့ကိုအပေါင်းအဘော်လုပ်ကြလော့။

ငါသည် ပညာရှိ၏ဟု ကိုယ်ကိုမထင်ကြနှင့်။ အဘယ်သူကိုမျှ ရန်တုံ့မမူ ကြနှင့်။
လူအပေါင်းတို့ရှေ့မှာ တင့်တယ်လျောက်ပတ်သော အကျင့်ကို ကြံစည်ကြလော့။
သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့် အသင့်အတင့်နေကြလော့။

သူတပါးသည် သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ကြနှင့်။
အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။

~ ရောမသြဝါဒစာမှကောက်နုတ်ချက် ~

# သိမှတ်ဖွယ်ရာ ဗယ်လင်တိုင်း

နှစ်စဉ် ဖေဖေါ်ဝါရီလရောက်ရင် လူငယ်လူရွယ် အများ စောင့်မျှော်လို့နေတာကတော့ ချစ်သူများနေ့ လို့ခေါ်တဲ့ Valentine's Day ပါဘဲ။ သိပ်မကြာတော့တဲ့ ရက်အနည်းအတွင်း ဖေဖေါ်ဝါရီ ၁၄ February 14 ဆိုရင်ရောက်ပြီပေါ့။

ချစ်သူများနေ့ လို့ခေါ်တဲ့ Valentine's Day ရဲ့ အရင်းအမြစ် ရာဇဝင်သမိုင်းကြောင်း လေးက ဗယ်လင်တိုင်း Valentine ဆိုသူ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက အစပြုခဲ့တာပါဘဲ။

ဗယ်လင်တိုင်း Valentine ဆိုသူနဲ့ မိတ်ဆက်ပါရစေ။ ဗယ်လင်တိုင်း Valentine ဆိုသူဟာ အေဒီ ( ၃ )ရာစု အချိန်ကာလအတွင်းမှာ ရောမမြို့မှာနေထိုင်ခဲ့သူ တစ်ဦးဖြစ်ပါတယ်။ အချိန်များစွာကြာညောင်းခဲ့ပြီပေါ့။ ရောမအင်ပါယာကို အုပ်ချုပ်တဲ့ ဧကရာဇ်ဘုရင်ကတော့ ကလောဒီးယပ်(စ်)ဖြစ်ပါတယ်။ ကလောဒီးယပ်(စ်)ကို မကြိုက်နှစ်သက်ကြပါဘူး။ မနှစ်သက်တာကတော့ ဗယ်လင်တိုင်း Valentine တစ်ယောက်တည်း မဟုတ်ပါဘူး။ လူအများမကြိုက်တာဘဲ။

ကလောဒီးယပ်(စ်)က သူ့မှာ ကြီးမားတဲ့ စစ်တပ်ကြီးတစ်ခုကို အလိုရှိပြီး၊ လူတွေကို စစ်တပ်ထဲကို သူတို့သဘောဆန္ဒအလျောက် ဝင်လာဖို့မျှော်လင့်ခဲ့တယ်။ လူအများက သူတို့ရဲ့ မိသားစု၊ ဇနီးမယားတွေကို အိမ်မှာထားခဲ့ရပြီး စစ်တိုက်လိုစိတ် မရှိကြပါဘူး။ ဒါကြောင့် လူအများဟာ စစ်တပ်ထဲဝင်ဖို့လက်မှတ်မထိုး ခဲ့ကြပါဘူး။ ဒီအခြင်းအရာက ဧကရာဇ်ဘုရင် ကလောဒီးယပ်(စ်)ကို အလွန်အမင်း ဒေါသထွက်စေခဲ့ပါတော့တယ်။ အဲဒီနောက်ပိုင်း ဘာတွေဖြစ်လာခဲ့ သလဲဆိုတော့ ကြည့်ကြရအောင်။

ဧကရာဇ်ဘုရင် ကလောဒီးယပ်(စ်)မှာ ရူးသွပ်တဲ့ စိတ်ကူးတစ်ခု ရှိခဲ့တယ်။ အဲဒါကတော့ " ယောကျ်ားတွေဟာ လက်ထပ်ထိမ်းမြား ခြင်းသာ မပြုရဘူးဆိုရင် စစ်တပ်ထဲကို ဝင်ရောက်ပြီး စစ်မှုထမ်းလိုကြမှာပဲ " ဆိုတဲ့ စိတ်ကူးပါ။ ဒါကြောင့် ကလောဒီးယပ်(စ်)ဟာ လက်ထပ်ထိမ်းမြား ခြင်းတွေကို ပိတ်ပင်တားမြစ် ခဲ့ပါတော့တယ်။ ကလောဒီးယပ်(စ်)ရဲ့ ဥပဒေပြဋ္ဌာန်းချက်အသစ်ဟာ ကြင်နာမှုကင်းမဲ့ပြီး ရက်စက်လွန်းတယ်လို့ ခံယူခဲ့ကြတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်ဟာ လျော်ကန်မှု မရှိတဲ့အတွက် ဗယ်လင်တိုင်း Valentine ကတော့ လက်မခံပါဘူး။

ဗယ်လင်တိုင်း Valentine ဟာ ဘုန်းတော်ကြီးတစ်ပါးဖြစ်တဲ့အတွက် သူလုပ်ဆောင် ရတဲ့လုပ်ငန်းစဉ် တာဝန်တွေထဲမှာ ချစ်သူစုံတွဲတွေကို ထိမ်းမြားလက်ထပ်ပေးရတာလည်း တစ်ခု အပါအဝင်ဖြစ်တယ်။ အင်ပါယာပြည့်ရှင် ကလောဒီးယပ်(စ်) က သူ့ရဲ့ဥပဒေသစ်ကို ပြဋ္ဌာန်းကြေညာခဲ့ပေမယ့်လည်း ဗယ်လင်တိုင်း Valentine ကတော့ လျှို့ဝှက်စွာနဲ့ လက်ထပ်ထိမ်းမြားခြင်း အမှုတွေကို ဆက်လက်ဆောင်ရွက် ပေးမြဲပေးလျက်ပါဘဲ။ ဖယောင်းတိုင် မီးရောင်မှိန်မှိန်သာရှိတဲ့ အခန်းကျဉ်းကျဉ်းလေးထဲမှာ စစ်သားတွေရဲ့ ခြေသံတွေကို နားစွင့်ရင်းနဲ့ မင်္ဂလာပွဲကို တိတ်တိတ် ကလေး ကျင်းပရတာဟာ တကယ့်ကို စိတ်လှုပ်ရှားစရာပါ။

တစ်ညမှာတော့ ထိတ်လန့်ဖွယ်ခြေသံတွေကို ကြားလိုက်ရပါတော့တယ်။
မင်္ဂလာမောင်နှံတွေကတော့ အချိန်မီလေး ထွက်ပြေးလွတ်မြောက်သွားလို့ တော်ပါသေးတယ်။

ဗယ်လင်တိုင်း Valentine ခမြာမှတော့ စစ်သားတွေရဲ့ ဖမ်းဆီးခြင်းခံလိုက်ရပြီး၊ ထောင်သွင်း အကျဉ်းချ ခံရပါတော့တယ်။ ဗယ်လင်တိုင်း Valentineဟာ သေဒဏ်ချခံရမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် စိတ်ပျော်ရွှင်ကြည်နူးအောင် ကြိုးစားနေထိုင်ခဲ့ပါတယ်။ အံ့ဖွယ်ရာ အဖြစ်အပျက်တွေ ဖြစ်ပျက်လာခဲ့ပါတယ်။ များပြားလှစွာသော လူငယ်လူရွယ်တွေဟာ အကျဉ်းချ ခံနေရတဲ့ ။ ဗယ်လင်တိုင်း Valentine ထံကို ရောက်လာခဲ့ကြပြီး၊ သူရှိနေတဲ့ပြတင်း ပေါက်တံခါးဆီကို ပန်းတွေနဲ့အတူ ရေးသားထားခဲ့တဲ့စာ အတိုအထွာလေးတွေကို ပစ်တင်ကြဲဖြန့် ခဲ့ကြပါတယ်။ သူတို့လည်း မေတ္တာတရားကို ခံယူယုံကြည်တဲ့ အကြောင်း ။ ဗယ်လင်တိုင်း Valentine ကို သိစေချင်ခဲ့ကြပါတယ်လေ။

အဲဒီလူငယ်တွေထဲက တစ်ဦးကတော့ အကျဉ်းထောင်ကို စောင့်ရှောက်တဲ့ ဝန်ထမ်းတစ် ဦးရဲ့ သမီးငယ်လေး တစ်ဦးပါ။ သူမရဲ့ ဖခင်ကလည်း သူ့ရဲ့သမီးငယ် ဗယ်လင်တိုင်း Valentine ထံလာတာကို ခွင့်ပြုခဲ့ပါတယ်။ တစ်ခါတလေဆိုရင် နာရီအတော်ကြာတဲ့အထိ ထိုင်ပြီး စကားတွေ ပြောဖြစ်ခဲ့ကြတယ်။ ဒီမိန်းကလေးဟာ ဗယ်လင်တိုင်း Valentine စိတ်ဓါတ် အားငယ် ညှိုးနွမ်း မသွားအောင် ကူညီခဲ့တယ်။ အင်ပါယာ ကလောဒီးယပ်(စ်) ရဲ့ ဥပဒေကို ဂရုမစိုက်ဘဲ မင်္ဂလာပွဲ တွေကို တိတ်တဆိတ်ကျင်းပမြဲ ကျင်းပပေးနေတဲ့ ဗယ်လင်တိုင်း Valentine ရဲ့လုပ်ရပ်ကိုလည်း မှန်ကန်တယ်လို့ ခံယူတဲ့ မိန်းကလေးပါ။ ဗယ်လင်တိုင်း Valentine သေဒဏ်ပေးခံရမယ့်နေ့မှာ သူ့အပေါ်မှာ သစ္စာရှိစွာနဲ့ ခင်မင်တဲ့ အဲဒီမိန်းကလေးကို ဗယ်လင်တိုင်း Valentine ဟာသူ့ရဲ့ လက်မှတ်ထိုးထားတဲ့ “ မင်းရဲ့ Valentine ကနေ အချစ်ကို အစပြုပါ ” ဆိုတဲ့ စာတိုလေးကို ရေးပေးခဲ့တယ်။

ချစ်သူများနေ့မှာ ချစ်သူရည်းစားတွေဟာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ချစ်ခြင်းမေတ္တာ ကို ဖော်ကျူးတဲ့ စာတိုလေးတွေကို ဖလှယ်ကြတဲ့ အစဉ်အလာဟာ ဗယ်လင်တိုင်း Valentine ရေးခဲ့တဲ့ စာတိုလေးကနေ အစပြုတယ်ဆိုတာကိုတော့ ယုံကြည်ပါတယ်။ အဲဒီ စာတိုလေးကို ဗယ်လင်တိုင်း Valentine သေဒဏ်အပြစ်ပေးခံရတဲ့ ( ၁၄–၂–အေဒီ၂၆၉ ) ရက်နေ့မှာ ရေးခဲ့ တာဖြစ်တယ်။ နှစ်စဉ်နှစ်တိုင်း လူတွေဟာ အဲဒီနေ့ရက်ကို အစဉ်သတိရလျက် ပါဘဲ။ အဲဒီလို သတိရတဲ့ အခါမှာ ချစ်ခြင်းမေတ္တာနဲ့ ခင်မင်မှုကို အလေးထား စဉ်းစားကြပါ။ သူတို့ဟာ ရောမ ဧကရာဇ်ဘုရင် ကလောဒီးယပ်(စ်) အကြောင်းကို စဉ်းစားကြတဲ့အခါမှာ ကလောဒီးယပ်(စ်)ရဲ့ မေတ္တာတရားကို ကာဆီးတားမြစ်ခဲ့တာတွေကို ပြန်လည်သတိရကြပြီး၊ ချစ်ခြင်းမေတ္တာကို ဘယ် လိုနည်းနဲ့မှ ရိုက်နှက်ဖျက်ဆီးလို့ မရဘူးဆိုတာကို သိရှိနားလည် လာရတယ်။

အလယ်ခေတ်ကာလတစ်လျှောက်မှာ ငယ်ရွယ်သူယောကျ်ားလေး၊ မိန်းကလေးတွေဟာ သူတို့ရဲ့ချစ်သူရည်းစားဖြစ်လာမယ့် သူတွေ မြင်တွေ့စေနိုင်ဖို့ သူတို့အမည်တွေကို ခွက်ဖလားတွေ မှာ ရေးထိုးထားကြတယ်။ သူတို့ဟာ အဲဒီအမည်တွေကို သူတို့အင်္ကျီလက်တွေမှာ ရက်သတ္တပတ် တစ်ပါတ်ကြာတဲ့အထိဆင်မြန်းချိတ်ဆွဲထားလေ့ရှိကြတယ်။

ယခုခေတ်အချိန်မှာတော့သင်ရဲ့အင်္ကျီ မှာ အသဲနှလုံးပုံကို ချိတ်ဆွဲဆင်မြန်းထားခြင်းဟာ သင်ရဲ့နှလုံးသားခံစား ချက်ဘယ်လိုရှိတယ်ဆို တာကို တစ်ခြားသူတွေ သိရှိနားလည်ဖို့ အတွက် လွယ်ကူတဲ့အရာ တစ်ခုပါပဲ။

နှစ်စဉ် February 14 ချစ်သူများနေ့ Valentine’s Day ကိုရောက်ရင် အနီရောင် အသဲနှလုံးပုံနှင့် လက်ဆောင်ကဗျာလေးတွေ၊ ချိုချဉ်သကြားလုံးနှင့် နီနီရဲတဲ့နှင်းဆီပန်းတွေ၊ အချစ်မြှား ကိုချိန်ရွယ်လို့ဟိုဒီပျံသန်းနေတဲ့ မြှားနတ်မောင်ပုံတွေသာ ပုံရိပ်ထင်ဟပ်လွှမ်းမိုး မြင်ယောင်နေမိ ကြမှာပါ။ ဒါဟာ February ဖေဖော်ဝါရီလရဲ့ ထူးခြားတဲ့ မေတ္တာသင်္ကေတ ပါဘဲ။ ❏❏




## အိုအဖဘုရား၊ မည်ကဲ့သို့ ဆုတောင်းရမည်ကို သွန်သင်ဆုံးမတော်မူပါ။

အိုအဖဘုရားသခင်၊
ကိုယ့်ဖို့၊ ငါ့အဖို့၊ ကိုယ်လိုချင်သည်ကိုသာ သာတောင်းတတ်သောကျွန်တော်၊ ကျွန်မတို့ တယောက်စီကိုခွင့်လွှတ်တော်မူပါ။
ကိုယ်တော့်ထံမှ အကောင်းဆုံးဘာတောင်း လျှောက်သင့်သည် ကိုကျွန်ုပ်မသိပါ။
ကျွန်ုပ်ဘာလိုအပ် သည်ကို ကိုယ်တော်သာလျှင် အသိဆုံးဖြစ်သည်။
ကျွန်ုပ်ကိုယ့်ကိုယ်ကို ဘယ်လို ချစ်ရမည်ကို ကျွန်ုပ်သိသည်ထက်၊ ကိုယ်တော်ကသာ၍ ကျွန်ုပ်တို့တယောက်စီကို မည်ကဲ့သို့ ချစ်ရမည်ကို သိပါသည်။

အိုအဖဘုရား၊
သားသမီးတို့ တယောက်စီကို တကိုယ်ကောင်းမဆန်ဘဲ မည်ကဲ့သို့ တောင်းလျှောက်ရမည် ကိုသွန်သင်ဆုံးမတော် မူပါ။ မထိုက်တန်သော်လည်း၊ ကျွန်ုပ်ကိုယ်ကိုဆက်ကပ်ပါသည်။
သံမဏိကဲ့သို့တင်းမာ သော ကျွန်ုပ်နှလုံးသားကို နူးညံ့ သိမ်မွေ့ပျော့ပြောင်း၊ အရည်ပျော် စေတော်မူပါ။
ကိုယ်တော် သွန်သင်ဆုံးမသလို၊ ပါးတဖက်ကိုလာပုတ်၍ နောက်ရက်တားဆီးသော သူကို နောက်ပါးတဖက် လှည့်ပေးနိုင်လောက်သောသည်းခံခြင်းကို ချပေးသနားတော်မူပါ။
ဘုန်းတော်ထင်ရှားနိုင်စေရန် ခရီးတတိုင်သွားခိုင်း၍ အနိုင်ပြုသောသူကို ခရီးနှစ်တိုင် သွားပြနိုင်သောသတ္တိ နှင့် စွမ်းရည်ကိုချပေးသနားတော်မူပါ။

အိုအဖဘုရား၊
အရှုံးပေးခြင်း အားဖြင့် အောင်မြင်ခြင်းကိုရစေတော်မူပါ။
မျက်စိရှိလျှက် မမြင်နိုင်သောကျွန်ုပ်ကို မြင်စေတော် မူပါ။
နားရှိလျှက် မကြားနိုင်သော ကျွန်ုပ်ကို ကြားစေတော်မူပါ။
ဦးနှောက်ရှိလျှက်နှင့် မစဉ်းစားနိုင်သော ကျွန်ုပ်ကို မှန်ကန်စွာ စဉ်းစားတွေးတော ဆင်ခြင်နိုင်စေတော်မူပါ။
စာတန်မာလ်နတ်၏ စုံစမ်းနှောက်ယှက်ခြင်းကို ခုခံတွန်းလှန် အောင်မြင်နိုင်စေသော ခွန်အားကို ချပေးသနားတော်မူခြင်းအားဖြင့် ဘုန်းတော်ကိုပို၍ ထင်ရှားစေတော်မူ ပါမည့်အကြောင်း သခင်ခရစ်တော်၏ နာမတော်ကိုအမှီပြု၍ အလွန် ရှိသေစွာဖြင့် ဆုတောင်းပါသည် အဖဘုရား၊ အာမင်။

# ယုံကြည်ချက်ကို လုံးဝအထိမခံသော အိုလံပစ် အပြေးချန်ပီယံ Eric Liddell




၁၉၀၂ခုနှစ်၊ တရုတ်ပြည်မြောက်ပိုင်း Tientsin မြို့တွင်ဖွားမြင်သော Eric Liddell သည် Scottish လူမျိုး၊ ဧဝံဂေလိ သာသနာပြုတရားဟောဆရာ Rev. James Dunlop Liddell ဒုတိယသား ဖြစ်သည်။ ငယ်စဉ်တောင်ကျေး ခလေးဘဝမှစ၍ တရုတ်ခလေးများနှင့် အတူ ကစား၍ ကြီးပြင်းလာသူဖြစ်သဖြင့် တရုတ်စကားကို တရုတ်ပြည်ပေါက် တရုပ်နှင့် ယှဉ်၍ သူမသာ၊ ကိုယ်မသာ စကားပြောနိုင်သူဖြစ်သည့်အပြင် ယုံကြည်မှု အလွန့်အလွန် ခိုင်မာသူ လည်းဖြစ်သည်။ ငယ်ငယ်ကတည်းက မိဘနှင့်အစ်ကိုအစ်မတို့ထံမှ အခြေခံ ယုံကြည်မှု အုတ်မြစ် အမွေအနှစ်ကို ခိုင်ခိုင်မာမာ ရရှိထားသည် ဟုပြောနိုင်သည်။

သုတ္တံကျမ်းအခန်းကြီး ၆၊ အခန်းငယ် ၂၂၊ တွင်ပါသည့်အတိုင်း “သူငယ်သွားရာ လမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည် အိုသောအခါ၊ ထိုလမ်း၌ မလွဲ၊ လိုက်သွားလိမ့်မည်။” ဟူသော အဆိုသည် သွေးထွက်အောင်မှန်ပါလား။ အင်္ဂလန်နိုင်ငံ Eltham College, Oxford College, နှင့် University of Edinburgh တို့၌ ဘော်တာကျောင်းတက်စဉ် အားကစား ထူးချွန်သူဖြစ်ကြောင်းတွေ့ရသည်။ Scotland ၌ တာတိုအပြေး အမြန်ဆုံးသူ အဖြစ်အသိအမှတ် ပြုခံရသူဖြစ်သည်။

တခါက Eric သည် အာရုံစိုက် အပြေးလေ့ကျင့်သဖြင့် အသင်းတော်၏ဆုတောင်းဝတ်ပြုအစည်းအဝေးတခု တက်ရန်မေ့သွားသည်။ အပြေးနှင့်ပတ်သက်လာလျှင် ထမင်းမေ့၊ ဟင်းမေ့၊ ဘုရားပါမေ့ သွားပြီဟု သူ့အမက သူ့ကို အပြစ်တင် ပြောဆိုသည်။ သူသည် ဤကဲ့သို့ ပြန်လည် ပြောကြားလိုက်သည်။ ယခု လောလောဆယ် အပြေးတွင် အစွမ်းကုန် လုံ့လဝိရိယ အာရုံစိုက်ရန် ဘုရားသခင် သူ့ကို ရူပါရုံ ပေးသည်။ သူ့ကို လှုံ့ဆော်သည် ဟုခံစားရကြောင်း၊ သူ့ကို အပြေးမြန်သော ဆုကျေးဇူး ပေးထားခြင်းသည် ဘုရားသခင်သူ့ကို အသုံးချသည့် ရည်ရွယ်ချက် ရှိမည်ဖြစ်ကြောင်း၊ အနာဂတ်တချိန်ချိန်၌ တရုပ်ပြည်သို့ပြန်၍ ဧဝံဂေလိလုပ်ငန်း လုပ်ဆောင်မည်။ အမှုတော်မြတ်ကို ထမ်းဆောင်မည်ဟုသူ့အမကို ပြန်လည် ဖြေကြားလိုက်ပြီး၊ အပြေး ဆက်လက် လေ့ကျင့်သည်။ ၁၉၂၃ ခုနှစ် AAA အားကစားပြိုင်ပွဲတွင် ကိုက် ၁၀၀ နှင့် ၂၂၀ ပြေးပွဲတွင် စံချိန် တင်ခဲ့သည်။ ကိုက် ၁၀၀ ပြေးပွဲ၌ သူတင်ခဲ့သော စံချိန် 9.7 စက္ကန့်ကို ၃၅ နှစ် ကြာသည် အထိ မည်သူမျှ စံချိန်မချိုးနိုင်ပါ။ ၁၉၂၄ ခုနှစ်၌ ကျင်းပသောအိုလံပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နိုင်ရန် အင်္ဂလန် နိုင်ငံ၏အပြေးသမားအဖြစ် ရွေးချယ်ခံရသည်။ သူပြေးခဲ့သောစံချိန်အရ ဆိုလျှင် မီတာ၁၀၀ ပြေးပွဲ တွင်ရွှေတံဆိပ်ရရန် မြေကြီးလက်ခတ်မလွဲ သေချာသလောက်ဖြစ်သော်လည်း၊ မီတာ ၁၀၀ ပြိုင်ပွဲ ကို တနင်္ဂနွေနေ့တွင် ပြုလုပ်မည်ဟု အိုလံပစ်ကော်မတီက ကြေညာသောအခါ ယုံကြည်ခြင်း အလွန့်အလွန်ခိုင်မာသူ၊ ယုံကြည်ချက်နှင့် ပတ်သက်လာလျှင် တစက်မှအလျှော့ မပေးသူ၊ တစ်လက်မမှအထိ မခံသူ၊ တစ်ပြားမှမလျှော့သူ ဖြစ်သည့်အလျှောက် ရွှေတံဆိပ်ရရှိလျှင် ရရှိလာမည့် ကျော်ကြားမှု နှင့် ရရှိလာမည့် ငွေကြေးဥစ္စာပစ္စည်းတို့ကို လုံးဝလှည့်မကြည့်ဘဲ၊ လှစ်လျူရှုကာ တနင်္ဂနွေနေ့တွင် ကျင်းပသော မီတာ ၁၀၀ ပြေးပွဲ နှင့် မီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်းပြေးပွဲတို့တွင် ပါဝင်ရန်လုံးဝငြင်းဆန်လိုက်သည်။ ထိုသို့ ငြင်းဆန်လိုက်သဖြင့် အင်္ဂလန်နိုင်ငံသည် မီတာ ၄၀၀ လေးယောက်လက်ဆင့်ကမ်း ပြေးပွဲတွင် ကြေးတံဆိပ်နှင့်သာ တင်းတိမ်ရသည်။ ပြိုင်ပွဲပြီး၍ တပတ်အကြာတွင် အပျော်တမ်း မီတာ ၄၀၀ လေးယောက်လက် ဆင့်ကမ်းပြေးပွဲကို ပြန်လည်ပြုလုပ်သောအခါ သူကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ရွှေတံဆိပ်ဆု ရရှိသော အမေရိကန်အသင်းကို အနိုင်ယူလိုက်ကြောင်းတွေ့ရပါသည်။ သို့ဖြစ်သဖြင့် Eric သည် အလွန် ခိုင်မာသောဘာသာရေးခံယူချက်၊ ယုံကြည်ချက်ကြောင့် အိုလံပစ် ရွှေတံဆိပ်နှစ်ခု တို့ကို လက်လွှတ်ခဲ့ရ သောအဖြစ်အပျက်သည် ကမ္ဘာတဝန်းလုံး ဟိုးလေးတကျော် ဖြစ်သွားသည်။ ထိုသို့ရွှေတံဆိပ်နှစ်ခုတို့ကို လက်လွှတ်ခဲ့ရသော်လည်း သူနာမည် မကြီးသော မီတာ ၄၀၀ ပြေးပွဲတွင် သူ့သူငယ်ချင်းပေးလိုက်သောကျမ်းချက်ဖြစ်သည့် **ဓမ္မရာဇဝင်ပဌမစောင်၊** ကြီး ၂ ၊ ငယ် **၃၀၊** ၌ ပါသည့်အတိုင်း “ငါ့ကို ချီးမြှောက်သော သူတို့ကို ငါချီးမြှောက်မည်။” ကိုနှလုံးသွင်း၍ ပါဝင်ယှဉ်ပြိုင်သောအခါ ရွှေတံဆိပ် ရရှိ သည့်အပြင် အိုလံပစ် နှင့် ကမ္ဘာ့စံချိန် 47.6 စက္ကန့်ကိုတင်နိုင်ခဲ့ပါသည်။ မှတ်တမ်းများ အရ မီတာ ၁၀၀ ပြေးပွဲ ကျင်းပသော တနင်္ဂနွေနေ့တွင် Eric သည် အိုလံပစ်ကျင်းပသော ပဲရစ်မြို့ရှိ Church of Scotland အသင်းတော်၌ တရား သွားဟောသည်။ တရားဟောချက်ကို **ဟေရှာယအနာဂတ္တိကျမ်း၊** အခန်းကြီး ၄၀၊ တွင်ပါသော ကျမ်းချက်ဖြင့် အဆုံးသတ်သည်။ ဤကျမ်းချက်မှာ အခန်းငယ် **၃၁** ဖြစ်သည်။“ထာဝရဘုရားကို မျှော်လင့်သော သူတို့မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့ အတောင်ကို အသစ်ပြုပြင် ကြလိမ့်မည်။ ပြေးသော်လည်းမပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။”

ပြိုင်ပွဲပြီး၍ နှစ်ပေါင်း အနည်းငယ်ကြာသည် အထိ Eric သည် Edinburgh တွင် ကျမ်းစာကျောင်း ဆက်တက်ပြီး အိုလံပစ်ပြိုင်ပွဲတွင် ရရှိသော ဂုဏ်ပကာသန၊ ရရှိသော ကျော်ကြားမှု၊ ရရှိသော ငွေကြေးချမ်းသာမှု၊ တို့ကို မမက်မောဘဲ မွေးရပ်မြေဖြစ်သည့် တရုတ်ပြည်သို့

ပြန်သွား၍ ရှိသမျှကိုစွန့်ပြီး ပင်ပန်းသောဧဝံဂေလိလုပ်ငန်းကို လုပ်ဆောင်သည်။ ခက်ခဲသော အမှုတော်ဆောင် လုပ်ငန်းတို့ကို လုပ်ဆောင်သည်။ သူတတ်ကျွမ်းသော အားကစားပညာကို အသုံးပြုကာ တရုတ် လူငယ်များကို အားကစားသင်ကြားရင်း ခရစ်တော်အကြောင်းကိုပါ သင်ကြားပေးသည်။ ဧဝံဂေ လိတရားကိုဖြန့်ဝေသည်။ သူ တရုပ်ပြည်သို့ ပြန်သွားသော အချိန်သည် ဒုတိယကမ္ဘာစစ် ဖြစ်နေ သောအချိန် ဖြစ်သည်။ တရုတ်ပြည်ကို ဂျပန်တို့ဝင် တိုက်သော အချိန်လည်း ဖြစ်သည်။ အခြေ အနေ တဖြည်းဖြည်းဆိုးရွားလာသဖြင့် သူ့ဇနီးသယ်နှင့်သမီးတို့ကို လုံခြုံသော ကနေဒါနိုင်ငံသို့ ပြန်ပို့လိုက်သော်လည်း သူနေခဲ့သည်။ ဂျပန်စစ်သားများသည် သူနေ သောမြို့ကို ဝင်သိမ်းသော အခါ သူ့ကို Weihsien စစ်သုံ့ပန်းစခမ်းသို့ ပို့လိုက်သည်။ စိတ်ဓါတ် ကျခြင်းမရှိဘဲ၊ စစ်သုံ့ပန်း စခမ်း၌ ကျမ်းစာသင်တန်းပို့ချပေးသည်။ သက်ကြီး ရွယ်အိုများကို ကူညီသည်။ ကလေးများကိုလည်း စာသင်ပေးသည်။ ထို့အပြင် စစ်သုံ့ပန်းစခမ်း၌ စစ်သုံ့ပန်းများ စိတ်ဓါတ်မကျစေရန်၊ မျှော်လင့်ချက်ရရှိစေရန်၊ ခွန်အားရရှိစေသော ဓမ္မတေးသီချင်းများကို သင်ကြားပေးသည်။

Katharina A. von Schlegel ရေးသား၍ Jane L. Borthwick က German မှ အင်္ဂလိပ်လို ဘာသာပြန်သော Be Still, My Soul ဟူသော ဓမ္မသီချင်းကို သင်ကြားပေးသည် ဟူသော မှတ်တမ်းများကိုလည်း တွေ့ရပါသည်။ ဤဓမ္မသီချင်းသည် **ဆာလံကျမ်း**၊ အခန်းကြီး **၄၆**၊ အခန်းငယ် **၁၀**၊ ၌ ဖေါ် ပြထားသော ကျမ်းချက်ဖြစ်သည့် " ငြိမ်ဝပ်လျက် နေကြလော့။ ငါကား ဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။" ကိုအမှီပြုထား၍ အလွန်ခွန်အားရရှိစေသော သီချင်း ဖြစ်ပါသည်။ စစ်သုံ့ပန်းစခမ်း၌နေစဉ်၊ အင်္ဂလိပ်နှင့်ဂျပန်တို့ စစ်သုံ့ပန်းဖလှယ်သော အစီအစဉ်တွင် သူနံမည်ပါသော်လည်း၊ သူသည် သူ့နေရာအစား ကိုယ်ဝန်သယ် အမျိုးသမီးတဦးကို ထည့်ပေး လိုက်ပါသည်။ သူနေခဲ့ပြန်သည်။ စစ်သုံ့ပန်းစခမ်း၌ အလွန်ပင်ပန်းစွာ အမှုတော်မြတ်ကို ထမ်း ဆောင်ရသဖြင့် စစ်ပြီးဖို့ ငါးလအလိုတွင် လေဖြတ်ပြီး ဆုံးသွားရှာသည်။ သူဆုံးသော သတင်းကို ကြားသိရသောအခါ စခမ်းတစ်ခုလုံးတွင် အထူးသဖြင့် လူငယ်များသည် တုန်လှုပ်ခြောက်ခြား၊ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်လောက်အောင် ရင်ကွဲပက်လက် ဝမ်းနည်းကြေကွဲသွား စေပါသည်။ အမှုတော်မြတ်ကို အသက်ဆုံးသည့်တိုင်အောင် တာဝန်ကြေသော ကိုယ်ကျိုးစွန့်သော အမှုတော် ဆောင်ကောင်း၊ ဂုဏ်ပကာသဏ၊ ကျော်ကြားမှု၊ နှင့် ငွေကြေးချမ်းသာမှု၊ တို့ကို လုံးဝမမက် မောဘဲ တကယ်ဘဲ ရှိသမျှကို စွန့်၍ ခရစ်တော်နောက်သို့ ရဲရဲတောက်၊ တသွေမသိမ်း၊ ယုံကြည်မှုကို တစ်လက်မမှ အထိမခံသော အမှုတော်ဆောင်တစ်ပါး ပါလား။ ကျွန်တော်၊ကျွန်မတို့ အားလုံး တကယ့်စံနမူယူထိုက်သော စံပြအမှုတော်ဆောင်တပါး ဖြစ်ပါသည်။ Eric Liddell၏အတ္ထုပ္ပတ္တိ အကြောင်းအရာကို Chariots of Fire ဟူသော အကယ်သမီဆုရ ရုပ်ရှင်ကား၌ ရိုက်ကူးတင် ဆက်ပြသထားပါသည်။ ~John Ma~




# There is love

(The Compassionate Young Boy)



Once upon a time, in a small village in Kenya, there lived a young boy with his step family. Due to the scarcity of water in the village, the young boy awoke early every morning, carried his pot and headed for the stream with the aim of fetching water for himself and his step family. Sadly for him, he alone had this task as a routine every morning and evening to fetch water from a distant stream while his step siblings were given other lenient tasks or even none. Yet, the young boy bore no grudge against his step family, loved them and carried out his task, diligently.

On his way back from the stream, he met an old man resting under a tree who begged for water to quench his thirst and he gave the old man. He met an elderly woman who begged for water and he gave the woman. This happens almost every time as he comes back from the stream; meeting people who beg for thirst, yet he gave them despite his step mother's torture on him for fetching half-filled pots that wouldn't even be enough for the family.

One day, he couldn't bear the torture from his step mum, so he swore never to give anyone water, but on his way back, he met a strange looking man who begged him for water. The strange man lay by the road side with an injury. The young boy remembered his vow – never to give anyone water – but contemplated for a moment and then gave the strange man some water.

When he got home, his step mum noticed the half-filled pots, and again pounced on him – this time with more cruelty. As she was beating this young boy, there was a knock on the door. It was the wounded strange man – a mail deliverer. Apparently, he came from the town with a letter for the young boy. A letter containing a scholarship with additional cash gift for the young boy and would have died on the way if not for the boy's help.

They say there is love in sharing…they say where there is love there is life. Your everyday good deeds are never in vain for they shall return to you even when you're not expecting it.

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# Valentine's Day with Jesus

*Jesus does not send perfume*
*To linger in the air*
*Instead He sends salvation, sweet*
*To show how much He cares.*

*He doesn't bring me candy hearts*
*In boxes of delight*
*Instead He always lets me know*
*I'm precious in His sight.*

*He doesn't send out pretty cards*
*Trimmed in shades of red*
*Instead He gave His life for me*
*His precious blood was shed.*

*He doesn't hand out fancy gifts*
*Like we would send to mother*
*Instead He sends a message clear*
*To always love each other.*

*He doesn't give me teddy bears*
*That whimper, "please be mine"*
*Instead He gave His heart to me*
*I wear it all the time.*

*He doesn't give me roses, pink*
*For all the world to see*
*Instead He gave eternal life*
*That's good enough for me!*

*[By Marilyn Ferguson]*

# Valentine's In God's Sight

*Valentines day has come and gone,*
*those that were happy on that day, are now alone.*
*Some received chocolates tied with a red bow,*
*now it's gone with nothing to show.*

*Some received flowers so pretty and bright,*
*It seems like they wilted over night.*
*Someone became engaged on that special day,*
*now their love has faded away.*

*Some had a phone call from a special friend,*
*just to say I love you and then,*
*It made you so happy to know that they cared,*
*and the special friendship they shared.*

*It was just another day gone by,*
*for some to sit at home all alone to weep and cry.*
*Isn't it strange how holidays affect each one,*
*since that day has come and gone.*

*We are all valentines in God's sight,*
*He loves us every one with all His might,*
*He's better than chocolates tied with a bow,*
*He loves his children and lets them know.*

*Give of yourself to someone today,*
*It's more lovelier than a bouquet.*
*Don't wait till another year,*
*to bring someone you love, a smile, some hope, and cheer*

***[By Mary Eldridge]***